စားလေ့ရှိကြ၏၊ ရဟန်း သာမဏေတို့မှာ ထိုကဲ့သို့ လျှာဖြင့် လျက်၍ မစားကောင်းပါ။ [ဩဋ္ဌ=နှုတ်ခမ်း။]

**ပါနီယတ္ထာလက။** ။ကိုရင် ဗုဒ္ဓရက္ခိတ.... တချို့ လူများသည် ထမင်းစားတုန်း ဖြစ်စေ၊ ထမင်းစားပြီး ခါစ ဖြစ်စေ ရေသောက်လိုလျှင် ထမင်း ဟင်း သရည်စာတွေ ပေနေသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်တတ်ကြသည်၊ ထိုသို့ ကိုင်သည့်အတွက် နောက်တယောက် မသောက်ချင် လောက်အောင် သောက်ရေခွက်မှာ ရွံစရာ ဖြစ်နေတော့၏၊ ထို့ကြောင့် ရဟန်း သာမဏေတို့မှာ ပေနေသော လက်ဖြင့် သောက်ရေခွက်ကို မကိုင်ကောင်းပါ။[ပါနီယ=သောက်ရေ+ ထာလက=ခွက်။]

**မှတ်ချက်။** ။သောက်ရေခွက်ကို ကိုင်ချင်လျှင် မပေသော အခြားလက်တဘက်ဖြင့် ကိုင်ရမည်၊ သို့မဟုတ် ပေနေသော လက်ဖြင့် သောက်ရေခွက်ကို ကိုင်ပြီးနောက် ထိုရေခွက်ကို ဆေးမည် ဟူသော ရည်ရွယ်ချက်ဖြင့်လည်း ကိုင်နိုင်ပါ၏၊ သောက်ရေခွက် မဟုတ်သော တခြား ဆေးရေ ခွက်ကိုကား ပေနေသောလက်ဖြင့်ပင် ကိုင်ကောင်းပါ၏။

**သသိတ္ထကသိက္ခာပုဒ်။** ။ ကိုရင် ဗုဒ္ဓရက္ခိတ.... ရှေး ရဟန်း သာမဏေ များသည် ဆွမ်းခံပြီး သောအခါ မြို့တွင်း ရွာတွင်းမှာရှိသော စရပ်၌ ဆွမ်းစား တတ်ကြသည်၊ ဤ သိက္ခာပုဒ်ကို ပညတ်တော်မမူမီက ဆွမ်း စားပြီးနောက် သပိတ်ဆေးသောအခါ ဆွမ်းလုံးတွေနှင့်တကွ သပိတ်ဆေးရေကို ထိုမြို့တွင်း ရွာတွင်းမှာ သွန်ခဲ့သောကြောင့် ("ကိုယ်တော်တွေနှယ် ဆွမ်းလုံးတွေကို သပိတ်ဆေးရေနှင့်